Global Protection Cluster

# ကာကွယ်ရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများအတွက် ကိုဗစ် ၁၉ ကပ်ရောဂါ ငွေကြေးနှင့် ပြေစာ

**-၂၀၂၀ ခုနှစ် ဧပြီလ၊ အချိန်အခါအလိုက် ပြုပြင်မွမ်းမံရန်**

---

ကိုဗစ်- ၁၉ ကပ်ရောဂါ ကာလအတွင်း ကာကွယ်မှု ရလဒ်များ အတွက် ကိုဗစ် ၁၉ ကပ်ရောဂါ ငွေကြေးနှင့် ပြေစာအကူအညီ (CVA) အပေါ် လမ်းညွှန်ချက်သည် ကာကွယ်ရေးအတွက် ငွေကြေးနှင့် ဆိုင်သည့် ဂျီပီစီ (GPC) လုပ်ငန်း အဖွဲ့ဝင်များမှ အားစိုက်လုပ်ဆောင်ချက်များဖြင့် ပြင်ဆင်ထားခြင်းဖြစ်ပါသည်။ ယင်းကို စီဗီအေ (CVA) နှင့် ရွှေ့ပြောင်းနေရာချထားခြင်း ခံရသူများနှင့် အိမ်ရှင်များအား ကာကွယ်ရေးဆိုင်ရာ ရလဒ်များအတွက် စီဗီအေ အသုံးပြုရာတွင် တိုက်ရိုက်လုပ်ဆောင်နေသော ကာကွယ်ရေးလုပ်ဖော်ကိုင်ဖက်များအား အထောက်အကူပေးရန်အတွက် လျှင်မြန်သော ရည်ညွှန်း ကိရိယာတစ်ခုအဖြစ် ရည်ရွယ်ပါသည်။ ဤလမ်းညွှန်ချက်က ဖော်ညွှန်းသည်မှာ **( ၁) ပုဂ္ဂလိက ကဏ္ဍအတွင်း ကာကွယ်ရေး ရလဒ်များအတွက် စီဗီအေ ( ၂) ပုဂ္ဂလိက ကဏ္ဍအတွင်း ကာကွယ်ရေး ရလဒ်များအတွက် စီဗီအေ အသုံးချခြင်းနှင့် ဘေးကင်းစွာ ပေးအပ်နိုင်မှုအား သေချာစေရန်။** ဤစာတမ်းကို အခါအားလျော်စွာ မွမ်းမံပြင်ဆင်မည် ဖြစ်ကာ အချိန်နှင့်အမျှ ၄င်း၏ အတိုင်းအတာကို ကျယ်ပြန့်စေရန် ရည်ရွယ်ပါမည်။ ၎င်းကို ဂျီပီစီ၏ ကိုဗစ် - ၁၉ တုံ့ပြန်မှုနှင့် ပြင်ဆင်မှု ဆိုင်ရာ တိုင်းတာချက်များ၊ ကာကွယ်ရေး အစီအမံ လမ်းညွှန်ချက်နှင့် လက်ရှိတည်ရှိနေသော ငွေကြေးအခြေပြု ကြားဝင်စွက်ဖက်ခြင်းများတွင် ကာကွယ်ရေးဆိုင်ရာ အထွေထွေ လမ်းညွှန်ချက်များ အပါအဝင်ဖြစ်သော ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ရေး အပေါင်းအစု ကိုဗစ် - ၁၉ လမ်းညွှန်ချက်အားလုံးနှင့်အတူ ပူးပေါင်း ဖတ်ရှုသင့်ပါသည်။ - - -။

---

| |
|---|
| ***ကာကွယ်ခြင်းအတွက် ငွေကြေးဆိုသည်မှာ*** *ကာကွယ်ရေးဆိုင်ရာ ရလဒ်များ ရရှိစေရန်အတွက် ငွေကြေးနှင့် ဘောက်ချာ အသုံးပြုခြင်းကို ဖော်ပြသည့် ဝေါဟာရတစ်ခုဖြစ်ပါသည်။* |

## <u>ကာကွယ်ရေး သုံးသပ်ချက်များအတွက် အဓိက ကိုဗစ် ၁၉ နှင့် စီဗီအေ</u>

**စီဗီအေသည် ကာကွယ်ရေးဆိုင်ရာ ရလဒ်များကို ထောက်ကူပေးရန်အတွက် အလားအလာရှိသည် -**

- လိုအပ်နေသော သူများထံ အခြားသော အရေးပေါ် အကူအညီများထက် ပို၍ လျှင်မြန်စွာနှင့် သက်သာသော ကုန်ကျစရိတ်ဖြင့် ထိရောက်စွာ ရောက်ရှိနိုင်ခြင်း။
- အကြမ်းဖက်မှုအား ထုတ်ဖော်ပြောဆိုကာ အရေးပါသော ဝန်ဆောင်မှုများအား ရရှိနိုင်ခြင်းအပါအဝင် ကိုဗစ် - ၁၉ မှ ပြန်လည် နာလန်ထူနိုင်စေရန်အတွက် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များကို ခံစားဖူးသောလူများအတွက် ထောက်ပံ့ပေးခြင်း။
- အဓိကဝင်ငွေရှာသူများက မိမိဘာသာ သီးသန့်နေထိုင်သော / လူမှုရေးအရ ခပ်ခွာခွာ နေထိုင်သော နှင့်/သို့မဟုတ် သူတို့ အသက်မွေးဝမ်းကြောင်းအလုပ်များ ဆုံးရှုံးခဲ့ရသော သို့မဟုတ် ဝင်ငွေရနိုင်သည့် လုပ်ရှားမှုများ နှင့် အပျက်သဘောဆိုင်သည့်ရင်ဆိုင်ဖြေရှင်းနည်းများဖြစ်သည့် (ကလေးလုပ်သား၊ ငွေကြေး နှင့် လိင် လဲလှယ်ခြင်း စသည်ဖြင့်) တွင် အမြင့်ဆုံးအန္တရာယ် ရောက်နေသူများ သို့မဟုတ် နှင်ချခံရမည့် အန္တရာယ် သို့မဟုတ် ခြိမ်းခြောက်မှုကို ရင်ဆိုင်နေရသည့် လူတစ်ဦးချင်း/မိသားစုများအား ထောက်ပံ့ခြင်း။
- လက်ရှိကိုဗစ် ၁၉ - ကပ်ရောဂါနှင့် ဆက်နွယ်နေသည့် အသွားအလာကန့်သတ်မှုများကြောင့် ဖြစ်ပေါ် မြင့်တက်လာသည့် စီးပွားရေး၊ လူမှုရေးနှင့် စိတ်ကျန်းမာရေးဆိုင်ရာ ဖိအားများကြောင့် အိမ်တွင်း အကြမ်းဖက်မှု တိုးမြင့်လာခြင်းအား တုံ့ပြန်မှုတစ်ခုအတွက် ထောက်ပံ့ပေးခြင်း။
- မိသားစု ခွဲခွာခြင်းများကြောင့် သူတို့၏ အိမ်ထောင်စုများထဲတွင် ကလေးများအပါအဝင် ထပ်တိုး မှီခိုများကို ကျွေးမွေးထားရသော မိသားစုများအား ထောက်ပံ့ပေးခြင်း။
- လူမှုကွန်ရက်များနှင့် အထောက်အပံ့ စနစ်များကို ထိန်းသိမ်းခြင်း - အပယ်ခံထားရသော လူတစ်ဦးချင်းစီအတွက် အကြမ်းဖက်မှုကို လျှော့ချခြင်း၊ သီးသန့် ခွဲခြားထားခြင်းခံရသော မိသားစုဝင်များ (ဥပမာ ပြုစုပေးသူများသည် ကလေးများဖြင့် ခွဲထားခြင်း ခံရသည့်အခါ) ကြားတွင် ဆက်သွယ်ပေးမှုအတွက် ရရှိနိုင်မှု (အထူးသဖြင့် ဆက်သွယ်ရေး ကိရိယာများ သို့မဟုတ် ဖုန်းငွေ ဝယ်ယူရန်အတွက် စီဗီအေ)၊ ကျန်းမာရေးဝန်ထမ်းများ သို့ ကာကွယ်ရေးဆိုင်ရာ အမှုကိုင် အလုပ်သမားများဖြစ်သော လူသားချင်းကာကွယ်ရေး ရှေ့တန်းဝန်ထမ်းများအတွက် ကာကွယ်ပေးမှုကို အထောက်အကူပေးရန်။
- လူသားချင်းစာနာမှု အလေ့အကျင့်အား မြင့်တင်ရန်အတွက် အခွင့်အရေးတစ်ခုဖန်တီးပေးခြင်း၊ သို့မှသာ ကပ်ဘေးခံ လူဦးရေများအတွက် ပိုကောင်းစွာ လုပ်ဆောင်နိုင်ပြီး ဘေးကင်းစေမည့် အသက်-လိင်ကွာခြားမှုနှင့် မသန်စွမ်းမှုဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများတွင် အရင်က ရှိနေသည့် ကွာဟချက်များကို ရှင်းလင်းနိုင်မည်ဖြစ်သည်။

**ကိုဗစ် - ၁၉ တုံ့ပြန်မှုအတွင်းရှိ ကာကွယ်ရေးဆိုင်ရာ ရလဒ်များအတွက် စီဗီအေ အနေဖြင့် -**

- ကိုဗစ် - ၁၉ ကပ်ဘေးအတွင်း စီဗီအေ အသေးစိတ် ကာကွယ်ရေး အန္တရာယ်များနှင့် အကျိုးအမြတ်များအား ကြံ့ခိုင်စွာ စိစစ်ထားသော ခွဲခြမ်းစိတ်ဖြာမှုတစ်ခုအပေါ်တွင် မူတည်သင့်သည်။

ဤခွဲခြမ်းစိတ်ဖြာမှုသည် ခံစားရသူများ၏ ကိုယ်ပိုင်ကာကွယ်ပေးမှု လိုအပ်ချက်များနှင့် အကျိုးအမြတ်များအပေါ် မူတည်အခြေခံသင့်သည်။ တိုင်ပင်ဆွေးနွေးခြင်းများမှာ ပြည်သူ့ကျန်းမာရေး လမ်းညွှန်ချက်များကို ထိန်းသိမ်းထားရန်အတွက် လိုအပ်သည့် ကြိုတင်ကာကွယ်မှု အစီအမံများကို နေရာတကျချထားပေးသင့်သည်။

- ကာကွယ်မှု ရလဒ်များအတွက် စီဗီအေအား တွန်းကန်ထားနိုင်ရန် အရင်ကတည်းကရှိနေသည့် ကာကွယ်ရေးဆိုင်ရာ ဘေးအန္တရာယ်များနှင့် ချိုးဖောက်မှုများသာမက ကိုဗစ် - ၁၉ ကပ်ဘေးက ဖန်တီးသည့် သို့မဟုတ် ပြုလုပ်သည့် ဘေးများ (အထူးသဖြင့် အန္တရာယ်များသည့် ရင်ဆိုင်ဖြေရှင်းနည်းများ၊ ကလေးများအား ခေါင်းပုံဖြတ်ခြင်းနှင့်၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ) ကို နားလည်ရန် အရေးကြီးပါသည်။ ယင်းအတွင်း ရောဂါနှင့် ဆက်စပ်နေသည့် ကာကွယ်ရေး အန္တရာယ်များလည်း ပါဝင်ရုံသာမက ရောဂါ ပြန့်ပွားမှုကို ရပ်တန့်အောင် လုပ်ဆောင်သည့် သို့မဟုတ် မလုပ်ဆောင်သည့် လုပ်ရပ်များ၏ ရလဒ် ဘေးအန္တရာယ်များလည်း ပါဝင်သည်။
- အကြောင်းအရာဆက်စပ်မှု၊ အာဏာ နှင့် လိင်ပိုင်းဆိုင်ရာ ခိုင်မာသော ခွဲခြမ်းစိတ်ဖြာမှုတစ်ခုကို သရုပ်ဖော်ပြသခြင်းနှင့် အမှတ်အသား လက္ခဏာများ (အသက်အရွယ်၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ လုပ်ဆောင်နိုင်စွမ်း၊ လူမျိုး ဘာသာစကားနှင့်၊ ဘာသာရေး၊ သို့မဟုတ် တိုင်းရင်းသား နောက်ခံ) ၏ ဆက်စပ်နေသော ရှုထောင့်များ သည် အပယ်ခံရခြင်းနှင့်၊ ခွဲခြားခံရခြင်း၊ ဖိနှိပ်ခံရခြင်းနှင့်၊ ပထုတ်ခံထားရခြင်းနှင့် ကာကွယ်ရေး ချိုးဖောက်မှုများနှင့် စီဗီအေသည် မည်သို့ ထိုကာကွယ်ရေး ကိစ္စရပ်များကို မည်သို့ လျော့ပါးစေမည် သို့မဟုတ် ပိုမိုဆိုးဝါးစေမည်၊ ထိုဘေးအန္တရာယ်များနှင့် အကြမ်းဖက်မှု မတော်တဆမှုများသည် ကိုဗစ်-၁၉ ကပ်ကြောင့် ပိုမိုဆိုးဝါးလာစေကာ အပယ်ခံရဆုံးလူစုအား အချိုးမညီမမျှ သက်ရောက်စေနိုင်သည်။ ဒီခွဲခြမ်းစိတ်ဖြာမှုအား "ဘေးအန္တရာယ်ရှိနေသည့်" လူစုအား ဖော်ထုတ်မှုထက် ပိုမိုအသုံးချသင့်ပါသည်။
- ခံစားနေရသည့် လူထုများထံ ရောက်ရှိနိုင်မှု အတားအဆီးများအား လျော့ချသည့် အပြုအမူတစ်ခုဖြင့် လုပ်ဆောင်ရမည်ဖြစ်ပြီး ရောဂါ ကူးစက်မှုအား ရပ်တန့်စေရန် အတတ်နိုင်ဆုံး လူ လူချင်း ထိတွေ့မှုကို လျှော့ချရမည်ဖြစ်ပါသည်။ အခြားသော ဒစ်ဂျစ်တယ်နှင့် အဝေးရောက် နည်းလမ်းများ ဖြစ်သည့် မိုဘိုင်းပိုက်ဆံနှင့် ဖုန်းအခြေပြု စီမံခန့်ခွဲမှု အထောက်အပံ့ကို ကူးစက်နိုင်ချေ လျော့နည်းစေရန် အသုံးပြုသင့်ပါသည်။
- ကာကွယ်ရေး ကိစ္စများအတွက် စီဗီအေ လွှဲပြောင်းကိစ္စများနှင့် ကူးပြောင်းမှုများသည် ကာကွယ်ရေး ကိစ္စရပ်များအတွက် ရည်ရွယ်ထားသည့်အတိုင်း ဖြေရှင်းကာ လက်ခံသူများအပေါ် ပို၍ အန္တရာယ်ကျရောက်မှုများ မဖြစ်စေရန် သေချာစွာ စောင့်ကြည့်ပေးရန်လိုအပ်ပါသည်။ အတည်ပြုထားသော ကာကွယ်ရေးအကျိုးအမြတ်များအား အစီအစဉ် စောင့်ကြည့်ရေး

လုပ်ငန်းစဉ်များအတွင်းသို့ ပေါင်းထည့်ကာ ဖြန့်ဝေပြီးနောက် စောင့်ကြည့်ခြင်း (ပီဒီအမ် (PDM)) သို့ အလားတူ ကိရိယာများအား စောင့်ကြည့်ခြင်း။

## အဓိကလုပ်ဆောင်ချက်များ - တာဝန်ဝတ္တရားရှိသည့်ဧရိယာများ (AoRs) အား ကာကွယ်ရေး တစ်ခွင်ရှိ ကာကွယ်ရေး ရလဒ်များအတွက် ပံ့ပိုးပေးရန် အတွက် စီဗီအေအား အသုံးပြုခြင်း

- ကာကွယ်ရေး ကိစ္စရပ်များအား အတည်ပြုနိုင်ရန်အတွက် ကွဲပြားသော လမ်းကြောင်းမျိုးစုံ အသုံး ချခြင်း။ ဥပမာ ကိစ္စရပ် စီမံမှု ဝန်ထမ်းများ၊ WASH ဝန်ထမ်းများ သို့မဟုတ် ကျန်းမာရေး ဝန်ထမ်းများကြား လွှဲပြောင်းမှုများ၊ ရှိလက်စ လူထုထံအရောက် ကွန်ရက်များ၊ ဖုန်းလိုင်းများနှင့် မသန်စွမ်းသူများဆိုင်ရာ အဖွဲ့အစည်းများ (ဒီပီအို) များမှ တစ်ဆင့် လွှဲပြောင်းမှုများ။
- ကောင်းမွန်သော ကာကွယ်ရေး ရလဒ်များ ရရှိစေရန်အတွက် ရည်စူးသည့် စီဗီအေသည် ပိုမိုကျယ်ပြန့်သည် ကာကွယ်ရေး အစီအစဉ်များ အတွင်းရှိ စကားစပ်- အသေးစိတ်အခြေခံ ပါဝင်ပစ္စည်းများ၏ အစိတ်အပိုင်း အဖြစ် အမြဲ ပုံစံရေးဆွဲသင့်ပါသည်။
- ကိုဗစ် - ၁၉ ကပ်ရောဂါကာလအတွင်း ပြောင်းလဲနေသော ထိခိုက်လွယ်မှုများနှင့် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များအား အခြေခံ၍ ထိခိုက်လွယ်မှု မှတ်ကျောက်များကို ကိုက်ညီအောင် ပြုလုပ်သည်။
- စီဗီအေသည် ခံစားနေရသော လူများအတွက် ကာကွယ်ရေး အကျိုးအမြတ်များအား ဖန်တီးပေးရန် အထောက်အကူပြုကာ အန္တရာယ်နှင့် ငွေကြေး၊ ဘောက်ချာ၊ အကျိုးအမြတ်များနှင့် ရုပ်ပစ္စည်းအရ ကြားဝင်စွက်ဖက်ခြင်း ပြုမပြု နှိုင်းယှဉ်ပါ ဥပမာ သက်သေခံခြင်း သို့ ဝန်ဆောင်မှုများအား အကန့်အသတ်မဲ့ အထောက်အပံ့ပေးခြင်း လုပ်ဆောင်မဆောင် စဉ်းစားပါ။ အမှုကိစ္စ လက်ခံထည့်သွင်းခြင်းနှင့် စီဗီအေ လွှဲပြောင်းမှုများအတွက် စစ်ဆေးခြင်းများအား ဖုန်းမှတစ်ဆင့် အဝေးရောက် ကျိုးကြောင်းဆက်စပ်လုပ်ဆောင်ပုံအကြောင်း စဉ်းစားပါ (ကွန်ရက်များက ခွင့်ပြုလျှင်)၊ မဟုတ်ပါက ဆန်းစစ်မှုများအား လေကောင်းလေသန့်များစွာရှိသည့် အဆောက်အဦး သို့ လုံခြုံ တိတ်ဆိတ်သော ပြင်ပတစ်နေရာတွင် လိုအပ်ပါက လုပ်ဆောင်ပါ။
- စီဗီအေ သင့်တော်သည်ဟု ယူဆသည့်နေရာတွင် ပေးအပ်သည့်လုပ်ငန်းစဉ်များ၊ ပမာဏ၊ ကာလနှင့် ကိုဗစ် ၁၉ တုံ့ပြန်မှု အတွင်း စီဗီအေ ကြိမ်နှုန်း အတွက် "တစ်ခုတည်းဖြင့် အားလုံးကို အံ့ဝင်ခွင်ကျဖြစ်စေမည့်" အရာ မရှိပါ၊ ဒါမှမဟုတ် အခြားသော တုံ့ပြန်မှုလည်း မရှိပါ။ စီဗီအေ ဝန်ထမ်းများနှင့် ကာကွယ်ရေး ပညာရှင်များ၏ ပူးပေါင်းလမ်းညွှန်ချက်အောက်တွင်

အကျိုးအမြတ်ခံစားသူ အုပ်စုပေါင်းစုံအား ဘေးကင်းသော လွဲပြောင်းမှု ဖြစ်စေရန် အထောက်အကူတစ်ခု ဖန်တီးသင့်သည်။

- စီဗီအေပေးအပ်မှုသည် ထိခိုက်ခံစားနေရသူများ ၎င်းတို့၏ အိမ်မှထွက်ကာ စီဗီအေအား သွားရောက်ယူဆောင် အသုံးပြုရန်လိုအပ်ချက်အား လျှော့ကျစေသင့်သည်။ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် ရောဂါအခံရှိသူများအနေနှင့် စီဗီအေအား သွားရောက်ယူဆောင် အသုံးပြုရပါက ဖျားနာမှု နှင့် သေဆုံးနိုင်သည့်အန္တရာယ် များပြားပါသည်။ ကျန်ရစ်သူ အခြေပြု ချဉ်းကပ်မှု၊ အမည်ကို လျှို့ဝှက်ထားမှု နှင့် ယုံကြည်စိတ်ချရမှုတို့အား စောင့်ထိန်းသည့် တစ်အိမ်ချင်းစီ လိုက်လံဝေမျှသည့်စနစ်အား ဦးစားပေးသင့်သည်။ ထိစပ်မှု လျှော့ချပေးသော ပို့ဆောင်ပေးအပ်ရေးနည်းလမ်းများဖြစ်သည့် မိုဘိုင်းပိုက်ဆံ တို့အား ဖြစ်နိုင်သမျှ အသုံးချသင့်သည်။
- လိင်ပိုင်းဆိုင်ရာ ရှုထောင့်များ (အမျိုးသမီးများနှင့် အရွယ်ရောက်မိန်းကလေးများ၏ နည်းပညာနှင့် ဈေးကွက် အလှမ်းမီ ရရှိမှု၊ လွတ်လပ်စွာ လှုပ်ရှားသွားနိုင်မှု၊ စောင့်ရှောက်ရေး အလုပ်လုပ်ရမည့် နေ့အချိန်များ၊ ညမထွက်ရအမိန့်များ၊ စသဖြင့်) တို့အား စီဗီအေ ဖြန့်ဝေမှုများ၏ အချိန်များနှင့် နေရာများကို စဉ်းစားသည့်အခါတွင် စဉ်းစားပါ။
- စီဗီအေအား ကာကွယ်ရေး ရလာဒ်များအတွက် အသုံးချနိုင်ရန် သင့်တော်သည့် ငွေကြေးနှင့် လူသားအရင်းအမြစ်များ လိုအပ်ပါသည်- ရံပုံငွေ အဆိုပြုချက်များနှင့် ဝန်ထမ်းခန့်ထားခြင်း ဆုံးဖြတ်မှုများအတွင်းတွင် ကာကွယ်ရေး ရလဒ်များအတွက် စီဗီအေ ပါဝင်သင့်သည်။
- အဓိက ပါဝင်သူများ (အဝေးရောက် စွမ်းရည်တည်ဆောက်ခြင်း၊ အဝေးရောက် ကြီးကြပ်ခြင်း၊ နည်းပညာ အသုံးပြုခြင်း စသည်တို့ကို စဉ်းစားပါ) အား လေ့ကျင့်ပေးရန်အတွက် နည်းပညာနှင့် အချိန်အား သေချာအောင် ပြုလုပ်ပါ။
- စီဗီအေအတွက် ကာကွယ်ရေး ကိစ္စများအား လွဲပြောင်းရာတွင်အချက်အလက် ကာကွယ်ရေးအား သေချာအောင်ပြုလုပ်ကာ အချက်အလက် မျှဝေခြင်းနှင့် အချက်အလက် သိုလှောင်ခြင်းအတွက် စည်းကမ်းများအား လိုက်နာ စောင့်ထိန်းပါ။
- သတင်းအချက်အလက် ဖြန့်ဖြူးခြင်းသည် ကမ္ဘာလုံးဆိုင်ရာ ဒီဇိုင်း နည်းဥပဒေများနှင့် အညီ ရေးဆွဲရမည်ဖြစ်ကာ တတ်နိုင်သလောက် ထည့်သွင်းပါဝင်စေပြီး ဖြစ်နိုင်ခြေရှိသော ပုံစံအရည်အသွေးအများမှ တစ်ဆင့် ကူးပြောင်းနိုင်ခြေရှိရမည်။ သက်ကြီးရွယ်အိုများ၊ ဒုက္ခိတများနှင့် လူနည်းစုဘာသာစကားပြောသူများသည် စီဗီအေ အစီအစဉ်တွင် သတင်းအချက်အလက် ရယူရာတွင် စိန်ခေါ်မှုများရင်ဆိုင်ရဖွယ်ရှိပြီး ပယ်ထုတ်ခံရခြင်း ဘေးအန္တရာယ်ရှိနိုင်ပါသည်။
- ကပ်ရောဂါဘေးကြောင့် ပိုမိုဆိုးဝါးလာသော လူမှုရေး တင်းမာမှုများအား လျှော့ချရန် ပဋိပက္ခမဖြစ်ပွားစေရန် သိမ်မွေ့သော ချဉ်းကပ်နည်းတစ်ခု အသုံးပြုသင့်ပါသည်။

## အေအိုအာ (AoR) - အသေးစိတ် အကြံပြုချက်များ

Global Protection Cluster

**လိင်ပိုင်းဆိုင်ရာအခြေခံသောအကြမ်းဖက်မှု (GBV) -**

- အရည်အချင်းရှိသော ဂျီဘီဗီ (GBV) ဝန်ထမ်းများသည် စီဗီအေမှ ဂျီဘီဗီအား မည်သို့ တုံ့ပြန်ကူညီနိုင်သည်ဆိုကြောင်း ဖော်ထုတ်ရန်အတွက် သီးခြား အမှုကိစ္စစီမံရေး စစ်ဆေးချက်များကို သုံးပါ၊ ကျန်ရစ်သူများ၏ လိုအပ်ချက်များ ဘေးအန္တရာယ်များအား ပုံမှန်စစ်ဆေးကာ သင့်တော်ပါက လျှို့ဝှက်တိတ်ဆိတ်စွာ စီဗီအေ လွှဲပြောင်းမှုများအား လုပ်ဆောင်ပါ။
- GBV ရလဒ်များအတွက် CVA ကိုပေးပါ (ဥပမာ-IPV၊ အိမ်တွင်းအကြမ်းဖက်မှု၊ အရွယ်မတိုင်မီလက်ထပ်ထိမ်းမြားခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားမှု (SEA)၊ စသဖြင့်) အခြေအနေ၏ တစ်စိတ်တစ်ပိုင်းအဖြစ် - GBV တုံ့ပြန်မှုကို ထောက်ပံ့ရန် သီးသန့်သတ်မှတ်ထားသော ဝန်ဆောင်မှုများ (ဥပမာ-အမှုကိစ္စ စီမံခန့်ခွဲခြင်း၊ အရည်အသွေးမီ ဝန်ဆောင်မှုပေးခြင်း၊ အပြုအမူပြောင်းလဲရေး လှုပ်ရှားမှုများ၊ မူဝါဒဖွံ့ဖြိုးတိုးတက်ရေး နှင့် လူထုထောက်ခံမှု)။
- GBV အထူးပြုပညာရှင်များနှင့် CVA လှုပ်ရှားသူများအကြား အမှုတစ်ခုချင်းစီအတွက် CVA အထွက်ဗျူဟာတစ်ခုကို ရောက်ရန် CVA ရည်ညွှန်းပိတ်သိမ်းရေးကို အစီအစဉ်တကျ ဆောင်ရွက်ပါ။
- ဝန်ဆောင်မှုများနှင့်အထောက်အပံ့ အစုံတစ်ခုအတွင်း GBV တုံ့ပြန်မှုအတွက် CVA ကိုသေချာစွာစောင့်ကြည့်လေ့လာပါ။ ရလဒ်စောင့်ကြည့်လေ့လာခြင်းကို အောက်ပါရလဒ်များအပေါ်တွင် အာရုံစိုက်သင့်သည် - GBV နှင့်ထိတွေ့မှုအန္တရာယ်ကို လျော့ကျခြင်း (ဥပမာ-IPV လျှော့ချခြင်း)၊ အန္တရာယ်ရှိသောဖြေရှင်းနည်းဗျူဟာများကို လျှော့ချခြင်း သို့မဟုတ် လျော့ကျစေခြင်း (ဥပမာ-ဖြေရှင်းနည်းဗျူဟာတစ်ခုအနေဖြင့် လိင်ပိုင်းဆိုင်ရာအလုပ်ကို လျှော့ချခြင်း သို့မဟုတ် ယခင်ကထက်ပိုလုံခြုံသောနည်းလမ်းဖြင့် လိင်ပိုင်းဆိုင်ရာ အလုပ်လုပ်ခြင်း)၊ သို့မဟုတ် အစီအစဉ်၏ရည်ရွယ်ချက်များအတိုင်းသင့်တော်စွာဖြင့် ဝန်ဆောင်မှုများကို ရယူခွင့် (ဥပမာ-မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများကိုပိုမိုကောင်းမွန်စွာ လက်လှမ်းရယူခြင်း။ အထိခိုက်မခံသော ရလဒ်များ (ယခင်က နှစ်ခုကဲ့သို့သော) သည် အမှုတွဲကိုင်လုပ်သားများ သို့မဟုတ် GBV အထူးပညာရှင်များ၏စောင့်ကြည့်မှု အောက်တွင်သာ ရှိသင့်သည်။
- GBV တုံ့ပြန်ချက်ဝန်ဆောင်မှုများအကြောင်း စာပို့ဖြန့်ဝေခြင်းကို GBV တုံ့ပြန်ချက်ဝန်ဆောင်မှုများကိုတည်ထောင်ထားသောနေရာများတွင်သာ ပြုလုပ်ပါ၊ စာပို့ခြင်း/GBV အထူးပညာရှင်များနှင့်ပူးပေါင်းလုပ်ဆောင်ခြင်းအစီအစဉ်ကို ပြုစုပျိုးထောင်ပါ။ စီဗီအေ (CVA) --- နှင့်အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာအစီအစဉ်သည် လုံခြုံ၍ရယူလွယ်သော အကူအညီအပေါ် တုံ့ပြန်ချက်နှင့် ဂျီဘီဗီ (GBV) တုံ့ပြန်ချက်ဝန်ဆောင်မှုများ နှင့်ပတ်သက်သည့် သတင်းအချက်အလက်ဖြန့်ဝေရေးအတွက် အရေးကြီးသော အဝင်အမှတ်များဖြစ်နိုင်သည်။

Global Protection Cluster

*ငွေသားနှင့်[GBV အသေးစိတ်အချက်အလက်များစုစည်းမှု] နှင့် [ကိုဗစ်-၁၉ တုံ့ပြန်မှုအတွင်း GPC-IASC လိင်အမျိုးအစားအပေါ်အခြေခံသော အကြမ်းဖက်မှုအန္တရာယ်များကို ခွဲခြားသတ်မှတ်ခြင်း နှင့် လျော့ချခြင်းအကြောင်း သိကောင်းစရာစာရွက်စာတမ်း]*။ GPC [ကျားမ အခြေပြုအကြမ်းဖက်မှု နှင့် ငွေသားအခြေပြု ကြားဝင်ဆောင်ရွက်မှုများအကြောင်း သိကောင်းစရာ စာရွက်ကိုလည်း ကြည့်ပါ။]

**ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး (CP) -**

- အရည်အချင်းပြည့်မီသော CP ဝန်ထမ်း (ဆိုလိုသည်မှာ - အမှုကိုင်လုပ်သားများ)က CP ရလဒ်များအတွက် CVA ကိုဦးဆောင်ပြီး CP နှင့်ပတ်သက်သည့်ကိစ္စများနှင့်ပတ်သက်၍ CVA က မည်ကဲ့သို့အကူအညီဖြစ်စေကြောင်းကို ခွဲခြားသတ်မှတ်ပေးရန် တစ်ဦးချင်းအကဲဖြတ်ချက်များကို လုပ်ဆောင်ကြောင်း သေချာပါစေ။
- ကလေးတစ်ဦးချင်းနှင့် အိမ်ထောင်စုတစ်ခုချင်းစီအဆင့်များတွင် CP လိုအပ်ချက်များနှင့် အန္တရာယ်များကို ပုံမှန်အကဲဖြတ်ပါ။
- အန္တရာယ်များသော ဖြေရှင်းနည်းဗျူဟာများအပေါ် အလွန်အကျွံမှီခိုခြင်းကို လျှော့ချရန် ကိုဗစ်-၁၉ကြောင့် ဝင်ငွေရရှိသည့်အခွင့်အလမ်းများ ထိခိုက်သွားသော ကလေးရှိသည့်မိသားစုများကို CVA နှင့် NFI အကူအညီများပေးပါ။
- အေဂျင်စီနှင့်သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကိုဗစ်-၁၉ အရေးပေါ်အခြေအနေအတွက် CP ကိစ္စစီမံခန့်ခွဲရေး စည်းမျဉ်းစည်းကမ်းများအရ (နောက်လာမည့်) သင့်တော်သလို CP အမှုကိစ္စများကို CVA ရည်ညွှန်းများထံ အမည်မတပ်ဘဲနှင့် လျှို့ဝှက်စွာ ရည်ညွှန်းပါ။
- အကြပ်အတည်းကာလအတွင်း ပြောင်းလဲဖြစ်ပေါ်လာနိုင်သည့်အတွက် ဆက်စပ်သော CP ခေတ်ရေစီးကြောင်းများကို စဉ်ဆက်မပြတ်အကဲခတ်လေ့လာပါ၊ ကြိုတင်ရည်မှန်းထားပြီးသော သို့မဟုတ် ခြံငုံငွေသားလွှဲခြင်းများ ကိုဖြည့်ဆည်းရန် ရည်မှန်းစံညွှန်း သို့မဟုတ် နေရာဒေသအသစ်၏ပထဝီဝင်အနေအထားများကို အမှတ်အသားပြုရန် CVA လှုပ်ရှားသူများနှင့် ပူးပေါင်းဆောင်ရွက်ပါ။
- ပိုများသောအကူအညီနှင့် ဝန်ဆောင်မှုများအစုအဝေးတစ်ခုအတွင်း CP ရလဒ်များအတွက် CVA ရည်ညွှန်းများကို သေချာစွာ စောင့်ကြည့်လေ့လာပါ။ ရလဒ်စောင့်ကြည့်လေ့လာခြင်းသည် (ဥပမာ- ကလေးလုပ်သားခိုင်းစေမှု၊ အလွဲသုံးစားလုပ်မှုတို့ကိုလျော့ကျခြင်းစသဖြင့်) CP ကိစ္စများနှင့်ထိတွေ့မှုအန္တရာယ်ကို လျှော့ချရာတွင် အာရုံစိုက်သင့်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါအတွက် လိုက်လျောညီထွေဖြစ်စေမည့် CP သီးခြားရင်းမြစ်များကို CP

မိတ်ဖက်စာမျက်နှာ- ကိုဗစ်-၁၉ ကပ်ရောဂါ ကျရောက်စဉ်ကာလအတွင်းကလေးများကိုကာကွယ်ရေးမှတဆင့်ဝင်ရောက်နိုင်သည်။ သိကောင်းစရာများကို ပိုသိရန် GPC ကလေးသူငယ်ကာကွယ်ရေး နှင့် ငွေသားအခြေပြုကြားဝင်ဆောင်ရွက်မှုများအကြောင်း သိကောင်းစရာစာရွက်ကို ကြည့်ပါ။

**အိမ်ရာ၊ မြေ နှင့် ပိုင်ဆိုင်မှု (HLP) -**

- နှင်ထုတ်ခြင်းများကို ယာယီကာကွယ်မှု ချက်ချင်းပြုလုပ်ရန်အတွက် အခြေအနေဖြင့်ကန့်သတ်မထားသော ငွေသားအကူအညီကို ပေးပါ။ နှင်ထုတ်ခြင်းများသည် အခြားမိသားစုဝင်များနှင့် ရပ်ကွက်/လူမှုအသိုင်းအဝိုင်းဝင်များအပါအဝင် နှင်ထုတ်သည့်ဖြစ်စဉ်တွင် ပါဝင်သောသူများအားလုံးအကြားတွင် ကူးစက်မှုအန္တရာယ်ကို ပိုများပြီး ပိုဆိုးလာနိုင်ပါသည်။
- ငွေမပေးချေနိုင်သောကြောင့် အဖြတ်တောက်ခံထားရသော အသုံးအဆောင်များကို လျော်ကြေးပေးရန် CVA ပေးပါ။
- အိမ်ရာအစီအမံများကို လုံလောက်စေရန် အခွင့်ပေးသည့် ဒေသတွင်းဝန်ဆောင်မှုများ၊ ပစ္စည်းများ၊ လိုအပ်သည့်ပစ္စည်းကိရိယာ အပါအဝင် အဆောက်အဦးများနှင့် အခြေခံအဆောက်အဦးလိုအပ်ချက်များကို အိမ်ထောင်စုများ လျှင်မြန်စွာရကြောင်း သေချာစေရန် CVA ကို ပေးပါ။
- ငှားရမ်းနေထိုင်သူများကိုပေးသော CVA သည် *နှင်ထုတ်ခြင်းများကိုရပ်ဆိုင်းခြင်းနှင့် ရေ၊မီးစသည့် အခြေခံလူသုံးပစ္စည်းများဖြတ်တောက်ခြင်း တို့နှင့်ပတ်သက်၍ အစိုးရအေဂျင်စီများနှင့် အိမ်ပိုင်ရှင်များကို ဦးတည်ပြုလုပ်သည့် စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ အားထုတ်မှုများကိုပါ*

*ပြုလုပ်သော* ဥပဒေပိုင်းဆိုင်ရာအကူအညီများနှင့် တိုင်ပင်ဆွေးနွေးမှုလုပ်ပေးခြင်း၊ သတင်းအချက်အလက်တို့နှင့်အညီပေးခြင်းဖြစ်ကြောင်း သေချာပါစေ။

- နှင်ထုတ်ခြင်းများကို ကြိုတင်ကာကွယ်၍မရနိုင်သောအခါ သို့မဟုတ် သူတို့၏လက်ရှိအိမ်များတွင်ဆက်နေရန် တစ်ဦးချင်းအတွက် သိသာသောအန္တရာယ်ရှိနေသောအခါမျိုးတို့တွင် ပြန်လည်နေရာချထားရေးကို နောက်ဆုံးအနေဖြင့်သုံးပါ၊ ငွေကြေးပိုင်းဆိုင်ရာ အကူအညီအပါအဝင် အိမ်ရာပြန်လည်ချပေးရေးအတွက် အရေးပေါ်အစီအစဉ်များကို သေချာအောင်ပြုလုပ်ပါ။
- ကိုဗစ်-၁၉ ကြောင့်ဖြစ်ပွားသော အမွေဆက်ခံရန် အငြင်းပွားမှုများ နှင့်သေဆုံးခြင်းများကြောင့် ငွေကြေးပိုင်းဆိုင်ရာထောက်ပံ့မှု၊ တိုင်ပင်ဆွေးနွေးခြင်းနှင့် ဥပဒေပိုင်းဆိုင်ရာအထောက်အပံ့တို့ကို ချက်ချင်းလိုအပ်သော အမှုကိစ္စများတိုးလာမည်ကို မျှော်လင့်ထားပါ။

ကိုဗစ်ကာလအတွင်း HLP မှ*လိုက်လျောညီထွေဖြစ်အောင်ပြုလုပ်ထားပြီး - ကမ္ဘာလုံးဆိုင်ရာ HLP AOR (အလုပ်စာရွက်စာတမ်း)* နှင့်GPC HLP နှင့်BI သိကောင်းစရာများစာရွက်၊

## အဓိကလှုပ်ရှားမှုများ - ကာကွယ်ရေးရလဒ်များကို ပံ့ပိုးပေးရန် CVA ကိုဒီဇိုင်းပြုလုပ်ထားသည့်နေရာတွင် CVA နှင့်ဆက်စပ်နေသော ကာကွယ်ရေးအန္တရာယ်များကို ခွဲခြားသတ်မှတ်ခြင်းနှင့် လျှော့ချခြင်း

CVA သည် ပင်ကိုအားဖြင့် အခြားထောက်ပံ့ကူညီပေးသည့်ပုံစံများထက် ပို၍အန္တရာယ်မများပါ (ဥပမာ - ငွေအစားထိုးပေးသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ)။ CVA ကို မိတ်ဆက်ပေးခြင်းနှင့်ဆက်စပ်နေသည့် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များသည် ကျိုးကြောင်းဆက်စပ်မှု၊ အသက်အရွယ်၊ လိင်အမျိုးအစား နှင့် မတူကွဲပြားမှုတို့နှင့်ဆက်နွှယ်နေသည်။ ဆက်စပ်ဖြစ်ပေါ်မည့် မည်သည့်အန္တရာယ်များကိုမဆို ကြိုတင်ခွဲခြားသတ်မှတ်ခြင်း၊ အဆိုပါ အန္တရာယ်များကို လျှော့ချခြင်း နှင့် ဖြစ်လာမည့်အန္တရာယ်များ နှင့် လျှော့ချရေးလုပ်ငန်းစဉ်များ၏ထိရောက်မှုတို့ကို စောင့်ကြည့်လေ့လာခြင်းသည် CVA မှ အကျိုးခံစားခွင့်ရမည့် ထိခိုက်ခံထားရသူများ အန္တရာယ်နှင့်မထိတွေ့ကြောင်း သေချာစေရန်ဖြစ်သောကြောင့် အရေးကြီးသည်။

အကျိုးခံစားမှုများကို အများဆုံးရပြီး အန္တရာယ်အနည်းဆုံးဖြစ်စေရန်အတွက် -

- အကဲဖြတ်မှုများ၊ ဦးတည်ချက်၊ ဒီဇိုင်း၊ အစီအစဉ်အကောင်အထည်ဖော်မှု၊ စောင့်ကြည့်လေ့လာမှု နှင့် တာဝန်ခံမှုတို့အတွက် အသက်အရွယ်၊ လိင်အမျိုးအစားနှင့် မတူကွဲပြားမှု မှန်ဘီလူးများကိုအသုံးချပါ။
- လူတစ်ဦးတစ်ယောက်ချင်း၊ အိမ်ထောင်စုများ နှင့် ရပ်ကွက်/လူမှုအသိုင်းအဝိုင်းများအတွက်အကျိုးကျေးဇူးများနှင့် အန္တရာယ်များမှကာကွယ်ရေးကို CVA က ဖန်တီးမည်လား သို့မဟုတ် ပိုဆိုးစေမည်လားဆိုသည်ကို စဉ်းစားပါ၊ ထို့နောက် ထိခိုက်နစ်နာသူ တစ်ဦးတစ်ယောက်ချင်း၊ ရပ်ကွက်/လူမှုအသိုင်းအဝိုင်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအေဂျင်စီများ နှင့် တာဝန်ထမ်းဆောင်သူများ (အစိုးရများ) ကြောင့် နှင့်/သို့မဟုတ် စုပေါင်းအစီအစဉ်လှုပ်ရှားမှုများကြောင့် အန္တရာယ်အသစ်များကို မည်သည့်အတိုင်းအတာအထိလျှော့ချနိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားပါ။
- ငွေသား၊ ဘောက်ချာများ၊ ငွေအစားထိုးသုံးစွဲသည့်ပစ္စည်း သို့မဟုတ် ဝတ္ထုပစ္စည်း မစွက်ဖက်ခြင်း ဥပမာ - ပြည်သူ့အထောက်အပံ့ သို့မဟုတ် ဝန်ဆောင်မှုများအတွက် အကူအညီများကို ကန့်သတ်ခြင်း တို့၏ အကျိုးကျေးဇူးများနှင့် အန္တရာယ်များကို နှိုင်းယှဉ်ပါ။
- CVA ကိုရွေ့ဆက်လုပ်ဆောင်သောအခါ အန္တရာယ်လျှော့ချရေးလုပ်ငန်းစဉ်များကို တည်ဆောက်ပြီး ပုံစံပြုလွယ်ပြောင်းလွယ်ဖြစ်ကြောင်းသေချာပါစေ (CVA နှင့်/သို့မဟုတ် ငွေအစားထိုးပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု)၊ ပြီးနောက် ပို့ဆောင်ရေးလုပ်ငန်းစဉ်များ ပြုလွယ်ပြောင်းလွယ်ရှိမှု (ဥပမာ-မိုဘိုင်းလ်ငွေ၊ အိမ်တိုင်ရာရောက်ငွေသားပေးပို့ခြင်း)တို့သည် ထောက်ပံ့ရေးကွင်းဆက်များ/ငွေကြေးဖောင်းပွမှု/ဘေးအန္တရာယ်ကင်းရေးနှင့်လုံခြုံရေး တို့ကဲ့သို့သော ဖြစ်နိုင်သည့်ပြဿနာများကို ပိုကောင်းအောင်လုပ်ရန်သာမက အကျပ်အတည်းကာလအတွင်းပြောင်းလဲကောင်းပြောင်းလဲသွားနိုင်သည့် အကျိုးခံစားခွင့်ရှိသူ၏အကြိုက်ကိုလည်း ပိုကောင်းအောင်လုပ်ရန်ဖြစ်သည်။
- အထူးသဖြင့် အကဲဖြတ်စစ်ဆေးခြင်း၊ ဒီဇိုင်းနှင့် စောင့်ကြည့်လေ့လာပြီးအကဲဖြတ်ခြင်းတို့ ပြုလုပ်နေစဉ်အတွင်း ဆက်သွယ်ရန်၊ ပူးပေါင်းဆောင်ရွက်ရန်နှင့် စုပေါင်းကျွမ်းကျင်မှုကို တွန်းအားပေးရန် ဒေသတွင်းအဆင့်၊ နိုင်ငံအဆင့်၊ ဒေသအလိုက်အဆင့်နှင့် ကမ္ဘာ့အဆင့်များတွင် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များမှတဆင့် စေ့စပ်ဆောင်ရွက်ပြီး ငွေသား နှင့် ကာကွယ်ရေးဆိုင်ရာ လုပ်ဖော်ကိုင်ဖက်များ အတူတကွ အလုပ်လုပ်သင့်သည်။ အစီအစဉ် လည်ပတ်လုပ်ဆောင်နေစဉ်တစ်လျှောက်လုံးတွင် အနိမ့်ဆုံး ကာကွယ်ရေးဆိုင်ရာ မေးခွန်းများကို ထည့်ပါ။
- ကာကွယ်ရေး နှင့် စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှုများအတွက် ရည်ညွှန်းလမ်းကြောင်းမှုပေးခြင်းများ အပါအဝင် စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်း၊ လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားမှုနှင့်ခေါင်းပုံဖြတ်ခြင်းမှကာကွယ်တားဆီးရေး နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအတွက် CVA ဝန်ထမ်းများနှင့် ပါတနာများကို လေ့ကျင့်ပေးပါ။

Global Protection Cluster

- CVA အစီအစဉ်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များရရှိရေးအတွက် အတားအဆီးများကို ကိုင်တွယ်ပြောဆိုပါ။ ဖြန့်ဝေသည့်မည်သည့်သတင်းအချက်အလက်မဆိုသည် ပုံစံမျိုးစုံမှတဆင့်နှင့် အများသုံး ဒီဇိုင်းအခြေခံမှုများအတိုင်း တတ်နိုင်သမျှပါဝင်အောင် ဒီဇိုင်းရေးဆွဲထားသင့်သည်။ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းမှု ရှိသူများ၊ လူသုံးနည်းသောဘာသာစကား ပြောဆိုသူများ နှင့် အခြားအပယ်ခံအဖွဲ့များသည် CVA အစီအစဉ်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များရယူရန် စိန်ခေါ်မှုများကို ကြုံရကောင်းကြုံရနိုင်ပြီး ထည့်သွင်းမထားသည့်အန္တရာယ်နှင့်လည်းကြုံကောင်းကြုံရနိုင်သည်။
- အပြစ်တင်မှုများ နှင့် ဝေဖန်တုံ့ပြန်မှုပေးသည့် လုပ်ငန်းစဉ်များမျိုးစုံအပါအဝင် အစီအစဉ်များ၏ CVA အစိတ်အပိုင်းကို မကန့်သတ်သည့် တာဝန်ခံမှုဘောင်တစ်ခု တည်ထောင်ပါ။
- ပုဂ္ဂိုလ်ရေးဒေတာကာကွယ်ခြင်း နှင့် အစိုးရလုပ်ရှားသူများ နှင့်/သို့မဟုတ် သီးသန့်ကဏ္ဍတို့နှင့် အကျိုးခံစားခွင့်ရှိသူ၏ ဒေတာများကိုဝေမျှရာတွင် ဖြစ်လာနိုင်သည့်အန္တရာယ်များကို ထည့်သွင်းစဉ်းစားပြီး အစီအစဉ် ဆက်တိုက်လုပ်ဆောင်နေစဉ်တစ်လျှောက်လုံးတွင် ဒေတာကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို ထည့်သွင်းပါ။

*အဓိကလှုပ်ရှားမှုများကို ပိုသိရန်အတွက်ငွေသားအခြေပြုကြားဝင်ဆောင်ရွက်မှုများတွင် အကာအကွယ်ပေးရေးနှင့်ပတ်သက်သည့် ERC သိကောင်းစရာများ နှင့် ကိုဗစ်-၁၉ တုံ့ပြန်မှုကာလအတွင်း GPC-IASC လိင်အခြေပြု အကြမ်းဖက်မှုအန္တရာယ်များကို ခွဲခြားသတ်မှတ်ပြီး လျှော့ချရန် သိကောင်းစရာစာရွက်များကို ကြည့်ပါ။*

---

အထက်တွင်ဖော်ပြထားသည်များအပြင် အခြားအသုံးဝင်သောလင့်ခ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

## CBI နှင့်အကာအကွယ်ပေးခြင်းလမ်းညွှန်ချက်နှင့် ကိရိယာများ

- ငွေသားအခြေပြုကြားဝင်ဆောင်ရွက်မှုများတွင် အကာအကွယ်ပေးရေးဆိုင်ရာ လမ်းညွှန်ချက်။ FR ဖြင့်လည်း ရရှိနိုင်ပါသည် -
- ငွေသားအခြေပြု ကြားဝင်ဆောင်ရွက်မှုများတွင် အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ။ FR ဖြင့်လည်း ရရှိနိုင်ပါသည် -
- ငွေသားအခြေပြု ကြားဝင်ဆောင်ရွက်မှုများတွင် အကာအကွယ်ပေးရေးဆိုင်ရာ အဓိကအကြံပြုချက်များ၊FR ဖြင့်လည်း ရရှိနိုင်ပါသည် -
- ငွေသားလွှဲပြောင်းရေးအစီအစဉ်တွင် ကလေးများကို စောင့်ရှောက်ခြင်း
- ကိုဗစ်-၁၉ တုံ့ပြန်မှုများအတွက် အပေါ်လွှာ စံသတ်မှတ်ချက်များ

---

- CaLP ၏ အစီအစဉ်အရည်အသွေး ကိရိယာများ
- CaLP ၏ အကာအကွယ်ပေးရေး ကဏ္ဍအတွင်း CVA နှင့်ပတ်သက်သည့် အကြောင်းအရာအလိုက် ဝဘ်စာမျက်နှာ
- CaLP ၏ လိုက်ဖ် CVA နှင့် ကိုဗစ် -၁၉ လမ်းညွှန်ချက်ကို အာရပ်ဘာသာ ၊အင်္ဂလိပ်ဘာသာ၊ပြင်သစ်ဘာသာ နှင့်စပိန်ဘာသာ တို့ဖြင့်လည်း ရရှိနိုင်ပါသည်။
- ငွေကြေးအကြောင်း လေ့လာရေးဆိုင်ရာ လက်တွဲဖော် (ကတ်ရှ်လန်းနင်းပါတနာရှစ်ပ် (CaLP)) မှ ကိုဗစ် - ၁၉ အဓိကအရင်းအမြစ်များနှင့် CVA စုစည်းမှု
- CaLP ၏ လိင်အမျိုးအစားနှင့် ထည့်သွင်းပါဝင်ရေး အကြောင်းအရာအလိုက် ဝဘ်စာမျက်နှာ
- ငွေသားနှင့် GBV အသေးစိတ်အချက်အလက်များစုစည်းမှု (လင့်ခ်တွင် အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်နှင့် အာရပ်ဘာသာတို့ပါဝင်သည်)။
- အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ စပိန်ဘာသာ နှင့် အာရပ်ဘာသာတို့ဖြင့် ငွေသားနှင့် GBV အသေးစိတ်အချက်အလက်များစုစည်းမှုလေ့ကျင့်ရေးသင်ရိုး ။
- WRC-IRC-Mercy Corps ၏ ငွေသားနှင့် GBV ကိရိယာများ (ပြင်သစ်ဘာသာ၊ အာရပ်ဘာသာ နှင့် စပိန်ဘာသာတို့ဖြင့်လည်း ရရှိနိုင်ပါသည်)
- GPC မိုင်းလုပ်ရှားမှု နှင့် ငွေသားအခြေပြုကြားဝင်ဆောင်ရွက်မှုများ သိကောင်းစရာစာရွက်
- IRC ၏ CVA အရင်းအမြစ်များ - ကိုဗစ် - ၁၉ နှင့် လိုက်လျောညီထွေနေထိုင်ခြင်း နှင့် တုံ့ပြန်ခြင်း - လိုက်လျောညီထွေနေထိုင်ခြင်း လမ်းညွှန်ချက်၊ ဖြန့်ဝေခြင်းလမ်းညွှန်ချက်၊ နှင့် တုံ့ပြန်မှုလမ်းညွှန်ချက်၊
- ကိုဗစ်-၁၉ ဖြစ်ပွားမှုအခြေအနေတွင် ငွေသားကို အခြေခံသည့်လွှဲပြောင်းမှုများအတွက် WFP လမ်းညွှန်ချက်